**HITACHI**
**Inspire the Next**

# News Release

**FOR IMMEDIATE RELEASE**


**Contacts:**

| | | | |
|---|---|---|---|
| မြန်မာ: | ငြိမ်းငြိမ်းအေး | စင်ကာပူ: | Yeap Wei Ting |
| | Information Matrix | | Hitachi Asia Ltd. |
| | +95 1 512887 | | +65 6231 2277 |
| | nyeinnyeinaye@gmail.com | | wtyeap@has.hitachi.com.sg |


**Hitachi မှ "Hitachi Social Innovation Forum in Myanmar" ကို လက်ခံကျင်းပမည်**

**နေပြည်တော်၊ မြန်မာ၊ ၂၀၁၆၊ ဇူလိုင် (၅)** --- "Hitachi Social Innovation Forum in Myanmar" ကို နေပြည်တော်ရှိ Hilton ဟိုတယ်တွင် ၂၀၁၆၊ ဇူလိုင် (၅)ရက်၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း Hitachi, Ltd. (TSE: 6501, "Hitachi") နှင့် Hitachi Asia Ltd. က ထုတ်ပြန်ကြေငြာခဲ့သည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ပြည်ထောင်စုဝန်ကြီး ဦးကျော်မျိုးသည် အဆိုပါအခမ်းအနားကို အထူးဧည့်သည်တော်အဖြစ် တက်ရောက်မည် ဖြစ်ပါသည်။

ကျင်းပခဲ့သော ပြပွဲနှင့် စီးပွားရေးဆွေးနွေးပွဲများမှတဆင့် ယခုဆွေးနွေးပွဲတွင် အခြေခံအဆောက်အအုံများနှင့် အဆင့်မြင့် သတင်းအချက်အလက်နည်းပညာများကို ပေါင်းစပ်ထားသော Hitachi ၏ Social Innovation Business အတွက် ကျယ်ပြန့်သော နည်းပညာများကို ပြသမည်ဖြစ်ပါသည်။ ဖောက်သည်များ၊ စီးပွားရေးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များနှင့် အကြီးစားလုပ်ငန်းရှင်များသည် သတင်းအချက်အလက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးစနစ်၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်စနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့ Hitachi ၏ အဓိကစီးပွားရေးလုပ်ငန်းများကို ပိုမိုနားလည်နိုင်မည် ဖြစ်ပါသည်။

တက်ရောက်သူများသည် Hitachi Ltd., မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိဖြစ်သော Mr. Yoshitaka Tsuda, Railway Systems Business Unit, Hitachi, Ltd. ၏ စီနီယာ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ၊ အမှုဆောင်အရာရှိချုပ်နှင့် Hitachi Rail Europe Ltd., ၏ ဘုတ်အဖွဲ့အမှုဆောင်သဘာပတိဖြစ်သူ Mr. Alistair Dormer နှင့် Hitachi Ltd., ၏ Corporate Officer ဖြစ်သော Mr. Atsushi Takita တို့၏ ဆွေးနွေးမှုများကို နားဆင်နိုင်မည်ဖြစ်ပါသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအတွက် ၎င်းတို့၏ အမြင်များကို မျှဝေကြမည်ဖြစ်ပြီး ပူးပေါင်းဖန်တီးမှုများအတွက် Hitachi ၏ ဖြေရှင်းနည်းများကို အိုင်တီစနစ်ဖြင့် အထောက်အပံ့ပေးထားသော ဂြိုလ်တုစောင့်ကြည့်ရေးနည်းစနစ်များနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဆိုင်ရာရှုထောင့်မှ မိတ်ဆက်ပေးမည်ဖြစ်ပါသည်။

ယမန်နှစ် အခမ်းအနား၏အောင်မြင်မှုများနှင့်အတူ Hitachi သည် တိုင်းပြည်အတွင်း စီးပွားရေးချဲ့ထွင်မှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာနိုင်ငံ၏ မြို့တော်တွင် Social Innovation Forum ကို ထပ်မံကျင်းပမည်ဖြစ်ပါသည်။ ကြေငြာခဲ့ပြီးသော ၂၀၁၈ နှစ်ဝက်အုပ်ချုပ်မှု အစီအစဉ်အရ Hitachi သည် ၎င်း၏ နိုင်ငံရပ်ခြားရောင်းရငွေ အချိုးအစားကို ၅၅% ထက်ပို၍ တိုးတက်လာစေရန် ဦးတည်ချက်ထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာရှဒေသတွင် ဖွံ့ဖြိုးမှုအလျင်မြန်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး အခြေခံအဆောက်အအုံများလိုအပ်မှုသည် ဖွံ့ဖြိုးမှုအတွက် အဓိကအချက်တစ်ခု ဖြစ်သည်ဟု ခန့်မှန်းရပါသည်။

- more -

လွန်ခဲ့သော လအနည်းငယ်အတွင်း Hitachi သည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် အလျင်အမြန် တိုးချဲ့လာခဲ့ပါသည်။ ၂၀၁၇ ဇွန်လတွင်အပြီးသတ်တပ်ဆင်မည့် ရန်ကုန်ဘူတာကြီးမှ ပဲခူးတိုင်းအတွင်းရှိ ပြွန်တန်ဆာ ဘူတာအထိ ၁၄၀ ကီလို မီတာရှည်လျားသော ရထားလမ်းပိုင်းအတွက် အချက်ပြစနစ်တပ်ဆင်ရန် ၂၀၁၅ မေလတွင် ယန်းငွေ (၂.၄)ဘီလီယံ တန်ဖိုးရှိသော စာချုပ်ကို မြန်မာ့မီးရထားနှင့် ချုပ်ဆိုခဲ့ပါသည်။ ဒီဇင်ဘာလနှောင်းပိုင်းတွင် Hitachi သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အတွက် EDI စနစ်ကို ထောက်ပံ့ပေးရန် တင်ဒါရရှိခဲ့ပါသည်။ အဆိုပါ စနစ်သည် ဆိပ်ကမ်းစီမံခန့်ခွဲရေးကို ပိုမိုခေတ်မီစေရန်နှင့် ကောင်းမွန်စွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားပြီး ၂၀၁၇ ဖေဖော်ဝါရီလတွင် တပ်ဆင်ပြီးစီးရန် စီစဉ်ထားပါသည်။

Hitachi သည် ၂၀၁၅ ဇူလိုင်လကတည်းက Hitachi Industrial Equipment Systems နှင့် Soe Electric & Machinery တို့၏ transformer ထုတ်လုပ်သော အကျိုးတူဖက်စပ်ကုမ္ပဏီ ဖြစ်သော Hitachi Soe Electric & Machinery Co., Ltd, ကို တည်ထောင်ခဲ့သည်။ Prime Deco Engineering Co., Ltd နှင့် ပူးပေါင်းပြီး ဓာတ်လှေကားနှင့် စက်လှေကား ရောင်းချခြင်းနှင့် ပြင်ဆင်ခြင်းကို ဆောင်ရွက်သည့် Hitachi Elevator (Myanmar) Co., Ltd ကိုတည်ထောင်ခဲ့ပြီး Hitachi Home Electronics Myanmar Co., Ltd တို့အပါအဝင် ပြည်တွင်းတွင် အကျိုးတူလုပ်ငန်းအမျိုးမျိုးနှင့် ကုမ္ပဏီ အသစ်များကို တည်ထောင်ခဲ့ပါသည်။

Hitachi Ltd. ၏ Chairman of the Board နှင့် Representative Executive Officer ဖြစ်သော Mr. Hiroaki Nakanishi က "ယမန်နှစ်တုန်းက Hitachi ဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို မြန်မာနိုင်ငံမှာ တိုးချဲ့ဖို့ အစီအစဉ်နဲ့ ၂၀၂၀ ခုနှစ်မှာ ပြည်တွင်းဝန်ထမ်းအင်အားကို (၂၀၀) မှ (၁၀၀၀) အထိ ၅ဆ တိုးမြှင့်ခန့်ထားဖို့ ကြေငြာခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလမ်းကြောင်းပေါ်မှာရှိနေပြီး တစ်နှစ်တည်းအတွင်းမှာ ဝန်ထမ်းအင်အားဟာ (၂)ဆကျော် တိုးတက်လာခဲ့ပြီး ဝန်ထမ်း(၅၀၀)ကျော် ရှိနေပြီဖြစ်ကြောင်း ဝမ်းမြောက်စွာနဲ့ ပြောကြားလိုပါတယ်။ Hitachi ဟာ ကျွန်တော်တို့ရဲ့ Social Innovation Business မှတဆင့် မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ လူမှုပြဿနာတွေကို ဖြေရှင်း ပေးဖို့ ကတိပြုပါတယ်။ ယနေ့အခမ်းအနားရဲ့ ရှင်းလင်းတင်ပြချက်တွေမှာ ပြသခဲ့သလို ကျွန်တော်တို့ဟာ မြန်မာနိုင်ငံ ရဲ့ လူနေမှုအဆင့်အတန်း တိုးတက်လာဖို့အတွက် Hitachi ရဲ့ အခြေခံအဆောက်အအုံဆိုင်ရာ နည်းပညာတွေကို ရထား လမ်းလို နေရာတွေမှာ အဆင့်မြင့် သတင်းအချက်အလက်နည်းပညာတွေနဲ့ ပေါင်းစပ်သွားမှာဖြစ်ပါတယ်။"

**"Hitachi Social Innovation Forum 2016 in Myanmar" အတွက် အဓိကအချက်အလက်များ**

| | |
|---|---|
| အခမ်းအနားအမည် | Hitachi Social Innovation Forum 2016 in Myanmar |
| နေ့ရက်/အချိန် | ၂၀၁၆ ဇူလိုင် (၅)ရက်၊ (ကြာသပတေး) ညနေ (၃)နာရီမှ (၉)နာရီ |
| နေရာ | Hilton ဟိုတယ်၊ နေပြည်တော် |
| အဓိကအချက်အလက်များ | (၁) Hitachi အဖွဲ့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် ပြပွဲ<br>(၂) Hitachi အဖွဲ့၏ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲနှင့် ရှင်းလင်းတင်ပြခြင်းများ<br>(၃) ညစာဖြင့် တည်ခင်းဧည့်ခံခြင်း |

**Hitachi Asia အကြောင်း**

Hitachi Asia Ltd., သည် Hitachi, Ltd., ၏ လက်အောက်ခံကုမ္ပဏီပြီး စင်္ကာပူနိုင်ငံတွင် အခြေစိုက်သည်။ အာဆီယံ (၇)နိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရုံးခွဲများထားရှိပြီး လူမှုအဖွဲ့အစည်း၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ၎င်းတို့၏ Social Innovation Business အပေါ်တွင် ဦးတည်ချက် ထားရှိသည်။ Hitachi Asia နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများသည် သတင်းအချက်အလက်နှင့် တယ်လီဖုန်း

ဆက်သွယ်ရေးဆိုင်ရာ စနစ်များ၊ စွမ်းအင်စနစ်များ၊ လူမှုအခြေခံအဆောက်အအုံများနှင့် စက်မှုလုပ်ငန်းသုံးစနစ်များ၊ လှျပ်စစ်စနစ်များနှင့် ကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ အရည်အသွေးမြင့် ပစ္စည်းများနှင့် ပါဝင်ပစ္စည်းများ၊ အလိုအလျောက်ရွေ့လျားစက်၊ အိမ်သုံးပစ္စည်းများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ Hitachi Asia ၏ အသေးစိတ်အချက်အလက်များအတွက် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော http://www.hitachi.com.sg တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

**About Hitachi, Ltd.**

Hitachi, Ltd. (TSE: 6501), သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အခြေစိုက်ပြီး လူ့အဖွဲ့အစည်း၏ စိန်ခေါ်မှုများအတွက် အတွေးအခေါ်နှင့် နည်းလမ်းသစ်များကို ဖြည့်စည်းပေးလျက်ရှိသည်။ ကုမ္ပဏီသည် ၂၀၁၅ ဘဏ္ဍာရေးနှစ် (၂၀၁၆ မတ်လ ၃၁ရက်တွင် ကုန်ဆုံးသည်။) အတွက် စုစုပေါင်းအခွန် ယန်းငွေ ၁၀,၀၃၄.၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၈.၈ ဘီလီယံ) ပေးဆောင်ခဲ့ပြီးဖြစ်သည်။ Hitachi အဖွဲ့သည် Social Innovation Business အတွက် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့တွင် ဝန်ထမ်းပေါင်း (၃၃၅,၀၀၀)ဦး ခန့်အပ်ထားပြီးဖြစ်သည်။ ပူးပေါင်းဖန်တီးမှုများမှတဆင့် Hitachi သည် ဖောက်သည်များအတွက် စွမ်းအား/စွမ်းအင်၊ စက်ရုံ/ဖြန့်ချိရေး/ရေ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ဘဏ္ဍာရေး/အစိုးရနှင့် လူထုဆက်ဆံရေး/ကျန်းမာရေးစောင့်ရှောက်မှု တို့အပါအဝင် ကျယ်ပြန့်သော ကဏ္ဍများအတွက် ဖြေရှင်းနည်းများကို ထောက်ပံ့ပေးလျက်ရှိသည်။ Hitachi နှင့်ပတ်သတ်သော အသေးစိတ်အချက်အလက်များအတွက် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော http://www.hitachi.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# # #